**မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားရန်အတွက်**
**Online Booking စနစ်ဖြင့် ရက်ချိန်းရယူခြင်းဆိုင်ရာ အသိပေးကြေညာချက်**

၁။ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့သည် နိုင်ငံကူးလက်မှတ်လျှောက်ထားရာတွင် အချိန်ကြာမြင့်စွာစောင့်ဆိုင်းရခြင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း မလိုလားအပ်သော လူစုလူဝေးဖြစ်ပေါ်ခြင်း စသည့် အခက်အခဲများကိုရှောင်ရှားနိုင်ရေးနှင့် နိုင်ငံကူးလက်မှတ်လျှောက်ထားမှုလုပ်ငန်းစဉ်များ ပိုမိုလွယ်ကူအဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရေး စသည့်အကျိုးကျေးဇူးများအား ရည်မှန်းလျက် ကွန်ပျူတာ/ မိုဘိုင်းဖုန်းတို့မှတစ်ဆင့် Online Booking စနစ်ဖြင့် ရက်ချိန်းရယူခြင်းစနစ်ကို ၂၁-၃-၂၀၂၂ ရက်မှ စတင်၍ အသုံးပြုနိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

၂။ Online Booking စနစ်ဖြင့် ရက်ချိန်းခိုင်မာစွာ ရယူနိုင်သွားသည့်အတွက် ယခင် နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးသို့ နံနက်မိုးလင်းချိန်ကပင် လာရောက်တန်းစီရခြင်း၊ သတ်မှတ်လူဦးရေ ပြည့်သွားသည့်အတွက် အချိန်ကြာမြင့်စွာစောင့်ဆိုင်းတန်းစီခဲ့သော်လည်း ရုံးတွင်းဝင်ရောက်ခွင့်မရဘဲ ပြန်ရခြင်း၊ ကူးစက်ရောဂါအန္တရာယ်များနှင့် ကြုံတွေ့နိုင်ခြင်း၊ လူစုလူဝေးကြောင့် လုံခြုံရေးအန္တရာယ်ရှိခြင်း စသည့်အခက်အခဲများကို ဖြေရှင်းနိုင်ခဲ့ပါသည်။

၃။ နေ့စဉ်လျှောက်ထားသူ ၂၅၀၀ ဦးခန့်အား ရက်ချိန်းရယူနိုင်ရန်အတွက် Online Booking စနစ်ဖြင့် ခွင့်ပြုပေးလျက်ရှိရာတွင် နိုင်ငံကူးလက်မှတ်လျှောက်ထားသူ ကာယကံရှင်ကိုယ်တိုင် ကွန်ပျူတာ/မိုဘိုင်းဖုန်း တို့ဖြင့် ရက်ချိန်းရယူသူများရှိသကဲ့သို့ ဝန်ဆောင်မှုပေးသည့် အကျိုးဆောင်များမှတစ်ဆင့် Online Booking ပြုလုပ်နေသည်ကိုလည်း တွေ့ရှိရပါသည်။ လူဦးရေ ၂၅၀၀ ပြည့်သည်အထိ နေ့စဉ်ရက်ချိန်းရယူထားသော်လည်း နေ့စဉ် ၅၀၀ ဦးခန့်သည် ရက်ချိန်းရယူထားပြီး ရုံးသို့လာရောက်ခြင်းမရှိဘဲ အမှန်တစ်ကယ် လာရောက်လျှောက်ထားလိုသူများအတွက် ရက်ချိန်းမရရှိသည့် ဆုံးရှုံးမှုများကြုံတွေ့နေရပါသည်။

၄။ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့အနေဖြင့် နိုင်ငံကူးလက်မှတ် လျှောက်ထားသူများကိုယ်တိုင် ကွန်ပျူတာ/မိုဘိုင်းဖုန်းတို့ဖြင့် အဆင်ပြေစွာလျှောက်ထားနိုင်ရေးအတွက် စဉ်ဆက်မပြတ်စောင့်ကြည့် လေ့လာဆောင်ရွက်လျက်ရှိပါသည်။ Online Booking ပြုလုပ်ခြင်းအား ပိုမိုလွယ်ကူအဆင်ပြေစေရန်အတွက် ယခင်က ရက်ချိန်းရယူသည့်နေ့မှစ၍ ၂ ပတ်အတွင်းသာ ရက်ချိန်းရယူနိုင်ခဲ့သော်လည်း ၂-၅-၂၀၂၂ ရက်မှစတင်၍ နေ့စဉ်နံနက် ၉ နာရီတွင် စတင်လျှောက်ထားနိုင်ရန်နှင့် ရက်ချိန်းကာလ ၃ လအတွင်းရှိ ရုံးဖွင့်ရက်များအတွက် ရက်ချိန်းရယူနိုင်မည်ဖြစ်ပြီး လူဦးရေ ၂၅၀၀ ဦးအနက် ပထမအကြိမ်အဖြစ် ၁၂၅၀ ဦးအတွက် လျှောက်ထားနိုင်မည်ဖြစ်ပြီး ၂ ပတ်ပြည့်မြောက်သည့်နေ့တိုင်း ၁၂၅၀ ဦးအတွက် ရက်ချိန်းထပ်မံရယူနိုင်မည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နိုင်ငံကူးလက်မှတ်လျှောက်ထားသူများအနေဖြင့် မိမိတို့ အမှန်တစ်ကယ် ရုံးသို့လာရောက်နိုင်သည့် နေ့ရက်အတွက်သာ မိမိ၏ ကိုယ်ရေးအချက်အလက်များကို မှန်ကန်စွာ ဖြည့်စွက် ရက်ချိန်းရယူကြပါရန်နှင့် ရက်ချိန်းယူသည့် အထောက်အထားစာရွက်ပါအချက်အလက်များအား ပြင်ဆင်ပြောင်းလဲခြင်း၊ အခြားသူများ၏ အချက်အလက်များဖြင့် အစားထိုးဝင်ရောက်ခြင်းများ မပြုလုပ်ကြပါရန်နှင့် Online စနစ်အား ပျက်စီးစေသော ရည်ရွယ်ချက်ဖြင့် နှောင့်ယှက်ခြင်းများ မပြုလုပ်ကြပါရန် မေတ္တာရပ်ခံအသိပေးအပ်ပါသည်။